Assistance Association for Political Prisoners (Burma)
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

**P.O Box 93, Mae Sot, Tak Province 63110, Thailand**
**e.mail: info@aappb.org website: www.aappb.org**

---

## မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ ညှဉ်းပမ်းနှိပ်စက်မှုများ ကာကွယ်တားဆီးသည့် သဘောတူညီချက်ကို အတည်ပြုလက်မှတ်ရေးထိုးသင့်ပါသည်

**သတင်းထုတ်ပြန်ချက်**
**ရက်စွဲ။ ။ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့**

အပြည်ပြည်ဆိုင်ရာ ညှဉ်းပမ်းနှိပ်စက်ခံရသူများအား ပံ့ပိုးကူညီရေးနေ့အား ဂုဏ်ပြုသောအားဖြင့် မိမိတို့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)၊ အေအေပီပီမှ နှိပ်စက်ပြုမှုများအား ဆန့်ကျင်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူညီချက်ကို မြန်မာနိုင်ငံအစိုးရမှ အမြန်ဆုံးအတည်ပြု လက်မှတ်ရေးထိုးရန်နှင့် ထိုသဘောတူပြဌာန်းချက်များအား မြန်မာနိုင်ငံ၏ ဥပဒေများတွင် ထည့်သွင်းပြဌာန်းရန် တိုက်တွန်းလိုက်ပါသည်။

အေအေပီပီ၏ တွဲဘက်အတွင်းရေးမှူး ကိုဘိုကြည်မှ "ညှဉ်းပမ်းနှိပ်စက်မှုတွေကို ဆန့်ကျင်တဲ့ ဒီသဘောတူညီချက်ကို ထောက်ခံခြင်းဟာ မြန်မာနိုင်ငံအနေနဲ့ မိမိနိုင်ငံတွင်းမှာဖြစ်နေတဲ့ နှိပ်စက်မှုတွေ တားဆီးကြောင်း ဆန့်ကျင်ကြောင်း ရှင်းရှင်းလင်းလင်း ပြသယုံသာမက နိုင်ငံတစ်ဝှမ်းလုံးမှာရှိတဲ့ ညှဉ်းပမ်း နှိပ်စက်ခံရသူတွေနဲ့ တစ်သားတည်းရှိတယ်ဆိုတာကိုပါ ဆိုလိုရာရောက်ပါတယ်။ ဒီလိုလုပ်ဆောင်တာက မြန်မာနိုင်ငံကို အတိတ်စစ်အာဏာရှင် အရိပ်ဆိုးကနေခွဲခွာပြီး အမျိုးသားပြည်လည်သင့်မြတ်ရေး လမ်းကြောင်း ပေါ်ကို ရောက်ဖို့ လုပ်ဆောင်နေတာတွေအတွက် အထောက်အကူ ဖြစ်စေပါလိမ့်မယ်" ဟု ဆိုထားပါသည်။

မြန်မာနိုင်ငံအတွင်း ရဲစခန်းအချုပ်များ၊ အကျဉ်းထောင်များတွင် နှိပ်စက်မှုများသည် မကြာခဏ အကျယ်တဝင့်ဖြစ်ပေါ်လေ့ရှိပါသည်။ ဖမ်းဆီးခံရသူများအနေဖြင့် ပထမ ၂၄ နာရီအတွင်းတွင် ရှေ့နေများ မိသားများဝင်များနှင့် တွေ့ဆုံဆက်သွယ်ခွင့်မရှိပါ။ ဖြောင့်ချက်ပေးရန်အလို့ငှာ ထိုဖမ်းဆီးခံရသူများအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်း၊ ခြေချင်းခတ်ခံရခြင်းများ အပါအဝင် ရက်စက်သော စစ်ကြောရေးနည်းလမ်းများဖြင့် လူမဆန်စွာပြုမူဆက်ဆံခံရလေ့ရှိပါသည်။ အေအေပီပီမှ အဖွဲ့အဝင်အဖြစ်ပါဝင်သည့် လူ့အခွင့်အရေးမှတ်တမ်းကွန်ယက်မှ မြန်မာနိုင်ငံတနံတလျားတွင် ၂၀၁၃ ခုနှစ် အတွင်း ဖြစ်ပွားခဲ့သော ညှဉ်းပန်းနှိပ်စက်ခံရမှု ဖြစ်ရပ်များအား စုဆောင်းမှတ်တမ်းတင်ထားသည့် အထောက်အထား မှတ်တမ်းများရှိပါသည်။

ဖမ်းဆီးခံရသူများအား စုံစမ်းဆက်သွယ်၍မရသည့်အဖြစ်အပျက်များသည် မြန်မာနိုင်ငံအတွင်း ပုံမှန်ဖြစ်ပေါ်လေ့ရှိပါသည်။ ဖမ်းဆီးခံရသူများသည် ဝရမ်းမပါပဲ ဖမ်းဆီးခံရခြင်း သို့မဟုတ် မည်သည့်ဥပဒေကို ချိုးဖောက်မိ၍ ဖမ်းဆီးခံရခြင်းများကို မသိရှိရပဲဖမ်းဆီးခံရခြင်းများ မကြာခဏပင်ဖြစ်လေ့ရှိပါသည်။ ညှဉ်းပမ်း နှိပ်စက်မှု ကာကွယ်တားဆီးရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်မှ စုံစမ်းဆက်သွယ်ခွင့် မရရှိသည့်

ဖမ်းဆီးအကျဉ်းချမှုများအား တရားမဝင်မှုအဖြစ်တားမြစ်သင့်ပြီး ထိုကဲ့သို့ ဖမ်းဆီးခံရသူများကိုလည်း နှောင့်နှေးကြန့်ကြာမှုမရှိပဲ လွတ်ပေးသင့်သည်ဟု ထုတ်ပြန်ခဲ့ပါသည်[1]။

မြန်မာနိုင်ငံတွင် ငြိမ်းချမ်းစွာဆန္ဒပြသူများနှင့် လူအခွင့်အရေး ကာကွယ်စောင့်ရှောက်သူများသည် မကြာခဏပင် စုံစမ်းဆက်သွယ်ခွင့်မရပဲ ဖမ်းဆီးထိန်းသိမ်း ခံရသူများဖြစ်နေပါသည်။ ပြီးခဲ့သော ၃ လ အတွင်း လူ့အခွင့်အရေးလှုပ်ရှားသူ အနည်းဆုံး ၄ ဦးသည် ထိုကဲ့သို့ မည်သူနှင့်မှ အဆက်အသွယ်လုပ်မရ မိသားစုအနေဖြင့်လည်း ၎င်းတို့မည်သည့်နေရာတွင် ထိန်းသိမ်းခံနေရသည်ကို စုံစမ်းဆက်သွယ်မရပဲ ဖမ်းဆီးထိန်းသိမ်းခံခဲ့ကြရပါသည်[2]။

တိုင်းရင်းသားလူနည်းစုဒေသများ စစ်ပွဲများဖြစ်ပွားနေသောဒေသများသည် ညှဉ်းပမ်းနှိပ်စက်မှုများ အများဆုံးဖြစ်ပွားလေ့ရှိသော နေရာများဖြစ်ပါသည်။ ဥပမာအားဖြင့် ကချင်ပြည်နယ်အတွင်းတွင် အဖမ်းဆီး ခံရသူများသည် ဖြောင့်ချက်ပေးရန်အတွက် ရက်စက်စွာနှိပ်စက်ခံရပြီး ထိုကဲ့သို့နှိပ်စက်၍ ရရှိခဲ့သည့် ဖြောင့်ချက်များအား တရားရုံးတွင်သက်သေအဖြစ် တင်သွင်းခဲ့ပါသည်။ ၂၀၁၂ ခုနှစ် အတွင်းတွင် အနည်းဆုံး လူ ၃၆ ဦးသည် ကချင်လွတ်မြောက်ရေး တပ်မတော်နှင့် အဆက်အသွယ်ရှိသည်ဟု စွပ်ဆွဲခံရကာ မတရားအသင်း ဥပဒေစွဲချက်အောက်တွင် တရားရင်ဆိုင်နေရပါသည်[3]။

ညှဉ်းပမ်းနှိပ်စက်မှုများအား အာဏာပိုင်များမှ လွတ်လပ်စွာကျူးလွန်ခွင့်ရနေမှုသည် လူ့အခွင့်အရေး လှုပ်ရှားသူများအတွက် ကြီးမားသည့်အတားအဆီးပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော ညှဉ်းပမ်း နှိပ်စက်မှုများအတွက် ယနေ့ထက်တိုင် မည်သည့်အာဏာပိုင်မှ အရေးယူခံရခြင်းမျိုးမရှိပါ။ မြန်မာနိုင်ငံရှိ စစ်ထောက်လှမ်းရေးများ ရဲအရာရှိများနှင့် အကျဉ်းထောင် အာဏာပိုင်များသည် ထိုညှဉ်းပမ်းနှိပ်စက်မှုအား အများဆုံး ကျူးလွန်ကြသူများဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ညှင်းပမ်းနှိပ်စက်ခံရသူများအား ပြန်လည်ကုစားပေးသော လျော်ကြေးပေးသော မည်သည့်ဥပဒေ မည်သည့်ဆောင်ရွက်ချက်မျိုးမှ မရှိသလို နှိပ်စက်မှုပြုသူများအား တရားစွဲမည်ဆိုပါကလည်း နှိပ်စက်ညှင်းပမ်းခံရသူများဖက်မှ သက်သေလိုက်ပေးမည့်သူများအတွက် ကာကွယ်ပေးသည့် မည်သည့် ဥပဒေ မည်သည့် ဆောင်ရွက်ချက်မှုလည်းမရှိပါ။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဌ၏ အဆိုအရ ကော်မရှင်မှ တစ်နေ့လျှင် ပျမ်းမျှ လူ့အခွင့်အရေးချိုးဖောက်မှု အမှု ၅၀ ခန့် လက်ခံရရှိပြီး အမှုအများစုမှာ ရဲမှ ညှဉ်းပမ်းနှိပ်စက်မှုကျူးလွန်သည်များအား တိုင်ကြားထားသည့်အမှုများဖြစ်နေပြီး ညှဉ်းပမ်းနှိပ်စက်ခံရသူများ အတွက် ထိရောက်သည့် ဖြေရှင်းဆောင်ရွက်မှုများ လုပ်ဆောင်မပေးနိုင်ခဲ့ပဲ ပညာပေးလှုံ့ဆော်မှုများသာ လုပ်နိုင်ခဲ့သည်ဟု သိရပါသည်[4]။

မြန်မာနိုင်ငံတွင် ညှဉ်းပမ်းနှိပ်စက်မှုများအား ပယ်ဖျက်ရန် ပထမခြေလှမ်းအနေဖြင့် ညှဉ်းပမ်းနှိပ်စက်မှု ကာကွယ်တားဆီးရေး ကုလသမဂ္ဂ သဘောတူညီချက်အား မြန်မာနိုင်ငံအတွင်း ပြဌာန်းရန်အတွက် ၂၀၁၃ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် လွှတ်တော်တွင် တင်သွင်းခဲ့သည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD)၊

---

1 Report of the Special Rapporteur on Torture, UN Doc.A/56/156, July 2001, para. 39(f)

2 Open Letter to President U Thein Sein on the Arbitrary Arrest, Incommunicado Detention and Unfair Trial of Human Rights Defenders and Peaceful Protesters, Burma Partnership and Assistance Association for Political Prisoners (Burma), 17 June 2013, available here: http://bit.ly/1ano8Sf

3 Burma: Dossier of cases from Kachin State released, Asian Human Rights Commission, 21 January 2013, available here: http://bit.ly/XSFAqe

4 Myanmar rights group faces challenges over police torture, Eleven Myanmar, 19 June 2013, available here: http://bit.ly/1auZnnh

ပွင့်ဖြူမြို့နယ် လွှတ်တော်အမတ် ဦးအောင်မိုးညို၏ အဆိုပြုချက်အား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးရွှေမန်းမှ ပယ်ချလိုက်သည့်အပေါ် မိမိတို့အေအေပီပီအနေဖြင့် များစွာစိတ်မသက်မသာ ဖြစ်မိပါသည်။ ထိုကဲ့သို့ အမှန်တကယ် လိုအပ်နေသော ဥပဒေအား ပယ်ချငြင်းဆိုခြင်းသည် အာဏာပိုင်များ၏ မတရားပြုမူ ဆက်ဆံခဲ့မှုများကို ခံစားနေရသော ညှဉ်းပန်းနှိပ်စက်ခံရသူများနှင့် ထိုသူတို့၏မိသားစုများအား ကူညီအားပေး ကုစားပေးရန် ပျက်ကွက်ခြင်းပင်ဖြစ်ပါသည်။

နိုင်ငံရေးအကျဉ်းသားဟောင်းများသည် ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပမ်းနှိပ်စက်မှုများ ခံစားခဲ့ကြရသူများဖြစ်ကြပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ အရေအတွက်အား အတိအကျ ခန့်မှန်းရန်ခက်ခဲသော်လည်း ယခုအခါတွင် မိမိတို့၏ဘဝများအား ပြန်လည်တည်ဆောက်ရန် ကြိုးစားနေသည့် နိုင်ငံရေးအကျဉ်းသားဟောင်းစုစုပေါင်းမှာ တစ်သောင်းခန့်ရှိပါသည်။ ညှဉ်းပမ်းနှိပ်စက်မှုသည် နှိပ်စက်ခံရသူ ပေါ်ကိုသာ သက်ရောက်ခြင်းမဟုတ်ပဲ နှိပ်စက်ခံရသူများ၏ မိသားစုဝင်များနှင့် ကျယ်ပြန့်သော လူအဖွဲ့အစည်း ပေါ်ကိုပါ သက်ရောက်မှုရှိပါသည်။ ညှဉ်းပမ်းနှိပ်စက်မှုများအား ဆန့်ကျင်တားဆီးရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူညီချက်အား တိုင်းပြည်၏ ဥပဒေတစ်ရပ်အဖြစ် ပြဌာန်းခြင်းဖြင့် ထိုဥပဒေသည် ညှဉ်းပမ်းနှိပ်စက်မှု ခံရသူများအတွက် အကာအကွယ်ဖြစ်စေနိုင်ရုံသာမက ထိုသူများ၏ အနာဂတ်ဘဝအတွက်ပါ အထောက်အကူ ဖြစ်စေပါလိမ့်မည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

အသေးစိတ်ထပ်မံသိရှိလိုပါက ဆက်သွယ်ရန်

ကိုတိတ်နိုင် (အတွင်းရေးမှူး) +၆၆ (၀) ၈၁ ၂၈၇ ၈၇၅၁
ကိုဘိုကြည် (တွဲဘက်အတွင်းရေးမှူး) +၆၆ (၀) ၈၁ ၉၆၂ ၈၇၁၃